# ပြောင်းလဲချိန် တန်ပြီ

အရှင်ကေလာသ
ဇန်နဝါရီ ၁၊ ၂၀၁၆။
-------------

ဘုန်းဘုန်း ဘုရား၊ ရိုသေစွာ မေးလျှောက်အပ်ပါသည် ..
သာသနာရေး ဝန်ကြီးဌာန၊ သာသနာရေး ဦးစီးဌာနက ကျင်းပသော အကြိမ် (၆၀)မြောက် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲ ပထမဆင့် မေးခွန်းတွင် ပါသည့် 'ပြောင်းလဲချိန်တန်ပြီ ဟူသော စကားနှင့်အညီ အမှန်တကယ် ပြောင်းလဲခွင့်ရမည့် အချိန်ကို မျှော်လင့်လျက် ဘဝင်မြင့် စိတ်ကြီးဝင်နေသူ သန္တာန်၌ ဖြစ်သော စိတ်ကို အတိအကျ ဖော်ပြ၍'ဟူသော မေးခွန်းစာပိုဒ်မှာ နိုင်ငံရေး ဘက်လိုက်မှု သဘောပါနေ၍ ထိုစာမေးပွဲကို အ များပြည်သူ လေးစားမှု လျော့နည်းသွားနိုင်ကြောင်း ဝေဖန်ပြစ် တင်မှုများကို ဆရာတော် တွေ့မိမည်ဟု ထင်ပါသည်။ ဖော်ပြပါ မေးခွန်း၏ အဖြေမှန်ကို သိလိုပါသည်။ နိုင်ငံရေးနှင့် ပတ်သက်ပုံကိုလည်း ရှင်းပြ ပေးစေလိုပါသည် အရှင်ဘုရား။ လွန်တာရှိလျှင် ဝန္ဒာမိပါ ဘုရား။ အဖြေကို မျှော်လင့်နေပါမည် အရှင်ဘုရား။

လှမြင့်အေး (ခေတ္တ ဘန်ကောက်)
-------------------------

**ဉာဏ်မီသမျှ**
၂၀၀၈–ခုနှစ် ဥပဒေ (မြန်မာ)ကို ဖတ်ပြီးနောက် ဒီဥပဒေအရ လက်ရှိမှာ တိုင်းပြည်ရဲ့ အာဏာ အများဆုံးကို ဆုပ်ကိုင်ပြီး ဘယ်သူ အုပ်ချုပ်နေတယ် ဆိုတာလောက် အကြမ်းမျှ နားလည်ထားရုံက လွဲ၍ နိုင်ငံရေးကို ဘုန်းကြီး အလွန်ကြီး နားမလည်ပါ။ အမေးရှိလို့ အဖြေကိုတော့ နည်းနည်း စဉ်းစားပေးပါမယ်။ ဘုန်းကြီး ဉာဏ်မီသမျှနဲ့ မေးခွန်းရဲ့ အပေါ်ယံမျှကို စဉ်း စားကြည့်ရင် ..

**(၁) ပထမအဓိပ္ပာယ်**
'ပြောင်းလဲချိန် တန်ပြီ'ဆိုတဲ့ စကားက (က) အဆိုးက အကောင်းသို့ ပြောင်းလဲချိန်တန်ပြီ (ခ) အကောင်းက အဆိုးသို့ ပြောင်းလဲချိန် တန်ပြီလို့ အဓိပ္ပာယ်နှစ်မျိုး ယူရင် အမှန်နဲ့ မဝေးဘူးလို့ ယူဆတယ်။ အမှန် တကယ် အကောင်းသို့ ပြောင်းလဲဖို့ မျှော်လင့်နေသူဟာ 'ဘဝင်မြင့် စိတ်ကြီးဝင်နေသူ' မဖြစ်နိုင်။ 'ဝမ်းသာ ပျော်ရွှင်နေသူ'သာ ဖြစ်သင့်လို့ အဖြေက 'သောမနဿ ပြဋ္ဌာန်းတဲ့ ကုသိုလ် သို့မဟုတ် အကုသိုလ် စိတ္တုပ္ပါဒ်' ဖြစ်နိုင်တယ်။ အမှန် တကယ် အဆိုးသို့ ပြောင်းလဲဖို့ မျှော်လင့်နေသူလည်း 'ဘဝင်မြင့် စိတ်ကြီး ဝင်နေသူ' မဖြစ်သင့်။ 'စိတ်ညစ် စိတ်ဆိုး မနာလို ဝန်တိုသူ'သာ ဖြစ်နိုင်လို့ အဖြေက 'ဒေါမနဿ ပြဋ္ဌာန်းတဲ့ အကု သိုလ် စိတ္တုပ္ပါဒ်' ဖြစ်မယ်လို့ ယူဆတယ်။ ဒီအဓိပ္ပာယ်အရ ဆိုရင် ဒီမေးခွန်းဟာ အပေါ်ယံအရ မှားနေတဲ့ မေးခွန်းလို့ ဆိုနိုင်တယ်။

**(၂) ဒုတိယအဓိပ္ပာယ်**
ထိုအဘိဓမ္မာ မေးခွန်းပါ 'ဘဝင်မြင့် စိတ်ကြီးဝင်နေသူ' ဆိုတဲ့ နောက်ဆုံး စာသားကို အတည်ယူပြီး ဆိုရရင် 'အမှန်တကယ် ပြောင်းလဲခွင့် ရသွား'ပြီးနောက် ဖြစ်လာမယ့် အခြေအနေထိ ထည့်သွင်း စဉ်းစားမှ ဖြေဆိုလို့ ဖြစ်နိုင်မယ်။ အင်း .. အဲဒီ အခြေအနေက 'အရပ်သားဘဝမှ နိုင်ငံတစ်ခုရဲ့ အာဏာအရှိဆုံး ပုဂ္ဂိုလ် အဖြစ်သို့ ပြောင်းလဲသွားခြင်း'လို့ ဆိုပါစို့။ ဒီလိုဆိုရင် (က) မိမိရဲ့ ဘဝနဲ့ ဓနကို တွယ်ကပ်လွန်းတဲ့ ပညာမဲ့သူ အဖို့

‘ဘဝင်မြင့် စိတ်ကြီးဝင်ခြင်း’ ဖြစ်နိုင်သလို (ခ) မိမိရဲ့ ဘဝနဲ့ ဓနကို စွန့်ရဲတဲ့ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းလိုသူ ပညာရှိ အဖို့မူ ‘ကိုယ့်ကိုနှိမ့်ချ အမြဲနေခြင်း’လည်း ဖြစ်နိုင်တာပဲ။

(က)ရဲ့ အဖြေက မာနပြဋ္ဌာန်းတဲ့ လောဘမူ သောမနဿ အကုသိုလ်စိတ်ဥပ္ပါဒ် (ခ)ရဲ့ အဖြေက အလောဘ ပြဋ္ဌာန်းတဲ့ မဟာကုသိုလ် စိတ်ဥပ္ပါဒ်လို့ ဆိုနိုင်တယ်။ ဒီလို အဓိပ္ပာယ် ယူရင်တောင် ဒီမေးခွန်းက တစ်ဝက်ပဲ မှန်ဖွယ် ရှိတယ်။

**တာဝန်ရှိသူ**

၂၁–ရာစုမှာ ‘ဂဏ္ဍိကျမ်းဆိုအတိုင်း မဟုတ်လို့ အဖြေ မှားတယ်’ဆိုတာမျိုးက ခေတ်မမီတော့ဘူး။ စာမေးပွဲ ဆိုတာ ဖြေသူတွေ အရည်အချင်း ရှိလာဖို့ပဲ ရည်ရွယ်သင့်တယ်။ မင်း မသိတာကို ငါမေးနိုင်တယ်လို့ ဂုဏ်ယူ ဝင့်ကြွားဖို့ မေးခွန်း မေးတာ မျိုး မဖြစ်သင့်ပါဘူး။ ဒါကြောင့် ဗုဒ္ဓအဘိဓမ္မာ ပြန့်ပွားရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပပြီး နိုင်ငံနဲ့အဝန်း ဖြေဆိုကြတဲ့ အဆင့်မြင့် (တယ်လို့လည်း ယူဆရ)တဲ့ ဒီလို ဘာသာရေး စာမေးပွဲ မျိုးမှာ စာဖြေသူ ဒွိဟဖြစ်စေမယ့် မေးခွန်းမျိုးကို မမေးသင့်ပါဘူး။ မေးခွန်းတွေကို စစ်ဆေးတဲ့ ဘုတ်အဖွဲ့ တစ်ခု ရှိတယ်ဆိုရင် မေးခွန်းတွေကို မတည်းဖြတ်ခဲ့တာ အတွက် အဲဒီအဖွဲ့က တာဝန် ယူရမှာပေါ့။ ဒီလို မဟုတ်ရင် ကိုယ့်လုပ်ရပ် သမိုင်းမှာ ကျန်နေခဲ့မှာပဲ။

**နိုင်ငံရေးလော**

နိုင်ငံရေးနဲ့ ပတ်သက် မပတ်သက်ကို ဘုန်းကြီး အတိအကျ မရှင်းပြနိုင်ပါ။ ဘာကြောင့်ဆို .. မေးသူရဲ့ စိတ် ကို ဘုန်းကြီးမှ မသိနိုင်ဘဲ။ စာဆိုတာ စကားလုံးထဲက လာတာဖြစ်လို့ ‘စကားထဲက ဇာတိပြ’ဆိုတဲ့ အတိုင်း မေးခွန်း မေးသူရဲ့ ဘက်လိုက်တဲ့ သဘောထားကို အထင်းသား မြင်နိုင်ပါတယ်လို့ ဆိုရင်တော့ သင်လည်း အဲဒီလို ဆိုခွင့်ရှိလို့ ‘ကိုယ့်သဘောပါ’လို့ပဲ ဆိုပါရစေ။ ဖော်ပြပါ အဘိဓမ္မာမေးခွန်း မေးသူ (သို့မဟုတ် တာ ဝန်ရှိသူတွေ)ဟာ ဇန်းမော်တင်အောင် ရေးတဲ့ ‘သူ့ဇာတ်ကောင်နဲ့ သူ့စရိုက်’ ဝတ္ထုထဲမှာ စာရေးဆရာဟာ မိမိရဲ့ ခံစားချက်နဲ့ သရုပ်ဖော်တဲ့ မိမိရဲ့ ဇာတ်ကောင်ကို ထိန်းမရ ဖြစ်သွားသလို ခံစားချက် ပြင်းထန် သွားခြင်းမျိုးပေလော။

**ဘက်မလိုက်**

‘နိုင်ငံရေး ဘက်လိုက်မှုသဘော ပါနေ၍’လို့ ဆိုတယ် နော်။ ဆိုတိုင်း ပါနေတယ် ဆိုရင် အဘိဓမ္မာ စာမေးပွဲ မေးခွန်း မေးသူတို့ ဆင်ခြင်သင့်တာပဲ။ ဟုတ်ပါတယ် .. ဘာသာရေး ဆိုတာ ဘက်မလိုက်ကောင်းပါဘူး။ သံဃာ အုပ်စုကြီးနှစ်ခု အငြင်းပွားမှု ပြင်းထန်နေတဲ့အချိန် ဗုဒ္ဓဘုရားတောင် နှုတ်ဆိတ်တော်မူတယ် မဟုတ် လား။ ၈၈–အရေးအခင်းတုန်းက ရဟန်းရှင်လူ အများစု ကြည်ညိုခံရတဲ့ မင်းကွန်း တိပိဋက ဆရာတော်ကြီး တောင် ကြားညပ်ခဲ့ဖူးတာကို နှလုံး မူသင့်တာပဲ။

အိုကေ .. အဆိုပါ အဘိဓမ္မာ မေးခွန်းမှာ ‘ကိုယ်က ကျိန်းသေ နိုင်မယ်လို့ တွက်ဆပြီး တစ်ဖက်သားကို နှစ်ကြိမ်မြောက် အထင်သေးချိန် တစ်ဖက်သားက မိုးကြိုးနဲ့ အီးသံလို ဆိုတဲ့ ဦးပုညရဲ့ စကားလို ကိုယ့်ထက် အရည်အချင်း သာလွန်းလို့ ခေါင်းမဖော်နိုင်အောင် ထုနှက်ခံရတဲ့ အတွက် အသူရာအံကြိတ် ဖြစ်နေသူတွေရဲ့ သန္တာန်၌ ဖြစ်သော စိတ်ကို အတိအကျ ဖော်ပြ၍’ဆိုတဲ့ မေးခွန်း စာပိုဒ်လေး တစ်ခုလောက် ထပ်ဖြည့်ပေး ရင် မေးခွန်းကို ဝေဖန်သူတို့ ကျေနပ်မလား .. ဘုန်းကြီးတော့ မကျေနပ်ဘူး။ အဲဒီလို ‘အထေ့ အငေါ့ အချိတ်’တွေ ပါကို မပါသင့်ဘူး။ ရည်ရွယ်ချက်က ‘ဗုဒ္ဓအဘိဓမ္မာ ပြန့်ပွားရေး’ပဲ။ ❐